အချက်အလက်အချပ်

australian consumer law

# သင့်ဈေးဝယ်ခြင်းဆိုင်ရာ ရပိုင်ခွင့်များ

ဩစတြေးလျားနိုင်ငံ စားသုံးသူဥပဒေအရ သင့်ရပိုင်ခွင့်များ၏ အချက်အလက်အချပ်

Burmese

## မည်သည့်အခါ၌ ကျွန်ုပ်မှ ပြန်အမ်းငွေရနိုင်သနည်း။

အကယ်၍သင်ဝယ်ယူခဲ့သည့်ပစ္စည်းများနှင့်ပတ်သက်ပြီး ပြဿနာတစ်ခုခုရှိပါက၊ ဆိုင်အနေနှင့် အစားထိုးလဲလှယ်ပေးခြင်း၊ ငွေပြန်အမ်းခြင်း၊ ပြုပြင်ပေးခြင်း၊ သို့မဟုတ် အခြားပုံစံတစ်ခုခုနှင့် 'ဖြေရှင်းပေးခြင်း'ကို ဆောင်ရွက်ကောင်းဆောင်ရွက်ပေးရမည်။ ရရှိနိုင်သည့် ဆောင်ရွက်ပေးမှု အမျိုးအစားသည် ပြဿနာအပေါ်၌မူတည်ပေသည်။

## မည်သည့်ပြဿနာများကို ဆိုင်က ဖြေရှင်းပေးသင့်သနည်း။

အပြစ်အနာအဆာရှိသည်။

ပစ္စည်းများနှင့် ဝန်ဆောင်ပေးမှုများသည် လက်ခံနိုင်သောအရည်အသွေးရှိရမည်ဖြစ်သဖြင့် အပြစ်အနာအဆာရှိသောပစ္စည်းတစ်ခုခုကို သင့်၌ ပြန်ပေးခွင့်ရှိသည်။

ပစ္စည်းတစ်ခုခု၌ အပြစ်အနာအဆာရှိသည်မှာ အကယ်၍၊

- ထိုပစ္စည်းသည် ပုံမှန်ဆောင်ရွက်နိုင်မှုကို မဆောင်ရွက်နိုင်ခဲ့လျှင်၊ *ဥပမာ မီးကင်စက်သည် ပေါင်မုန့်ကို မကင်နိုင်ခြင်း*
- ချွတ်ယွင်းမှုရှိလျှင်၊ *ပေါင်မုန့်ကင်စက်ကို ကျွန်ုပ်ဝယ်ပြီးနောက် များမကြာမီ ၎င်း၏ အချိန်တိုင်းတာ လက်ကိုင်ဘု ပြုတ်ကျသွားသည်*
- ပုံပန်း၊ သို့မဟုတ် အချောသတ်မှုကို လက်ခံစရာမရှိလျှင်၊ *ကျွန်ုပ်၏ ပေါင်မုန့်ကင်စက်၌ အခြစ်ရာရှိသည်*
- ဘေးအန္တရာယ်ရှိလျှင်၊ *ကျွန်ုပ်၏ပေါင်မုန့်ကင်စက်မှ မီးပွားများ လွင့်ထွက်နေသည်*
- တာရှည်မခံခြင်း၊ *ကျွန်ုပ်၏ပေါင်မုန့်ကင်စက်ကို ဝယ်ယူပြီးနောက် သုံးလသာခံပြီး ပျက်စီးသွားသည်*

သင့်အနေနှင့် ပစ္စည်းတစ်ခုခုကို ပြန်လည်ပေးခွင့်**မရှိ**သောအခိုက်များမှာ၊

- သင်မှ ပစ္စည်းကိုမဝယ်မီ ကွယ်ဝှက်နေသည့်အပြစ်အနာအဆာများအကြောင်းကို ဆိုင်က သင့်အားပြောပြခဲ့လျှင် (သို့မဟုတ် ဆိုင်းဘုတ်ချိတ်ပြခဲ့လျှင်)
- ပစ္စည်းကို မဝယ်မီ သင်စစ်ဆေးခဲ့ပြီးနောက်ပိုင်း၊ သင်တွေ့မြင်သင့်သော အပြစ်အနာအဆာများကို သင်မတွေ့မြင်ခဲ့လျှင်
- သင်သည် ပစ္စည်းကို 'ပုံမှန်မဟုတ်သော' နည်းတစ်ခုခုနှင့် အသုံးပြုခဲ့လျှင်၊ သို့မဟုတ်
- သင်သည် ပစ္စည်းကို အချိန်အလွန်ကြာမြင့်စွာ အသုံးပြုခဲ့လျှင်။

## ပစ္စည်းကို အသုံးပြုပြီးနောက်မှသာ ချွတ်ယွင်းမှုရှိကြောင်း ကျွန်ုပ်သိရှိရသည်။

အောက်ပါတို့ကို သင့်အနေနှင့် လုပ်ခဲ့ပြီးဖြစ်လင့်ကစား၊ ချွတ်ယွင်းမှုရှိသည့် ပစ္စည်းကို ပြန်ပေးနိုင်သည်။

- ပစ္စည်းကို ဟောင်းနွမ်းစေခဲ့ခြင်း၊ သို့မဟုတ် အသုံးပြုခဲ့ခြင်း၊ သို့မဟုတ်
- စာတန်းကတ်ပြားများ၊ သို့မဟုတ် အမှတ်အသားကတ်ပြားများကို ဖယ်ရှားခဲ့ခြင်း၊ သို့မဟုတ်
- ပစ္စည်းကို မူရင်း အထုတ်အပိုးထဲမှ ဖယ်ရှားခဲ့ခြင်း။

*ကျွန်ုပ်သည် ရှပ်အင်္ကျီတစ်ထည်ကိုဝယ်ယူခဲ့ပြီး အကြိမ်အနည်းငယ် ဝတ်ဆင်ခဲ့သည်။ ကျွန်ုပ်သည် အင်္ကျီ၏ အမှတ်အသားကတ်ပြားပေါ်၌ ပါရှိသော ညွှန်ကြားချက်များကိုလိုက်နာခဲ့သော်လည်း၊ အင်္ကျီကို ပထမဦးဆုံးအကြိမ် လျှော်ဖွတ်သည့်အခါ ဆိုးဆေးအရောင် ကျွတ်သွားသည်။*

## ပစ္စည်းသည် နမူနာ၊ သို့မဟုတ် သရုပ်ပြပုံစံနှင့် တထေရာတည်းမဟုတ်ပေ။

သင်သည် ပစ္စည်းတစ်ခုကို နမူနာ၊ သို့မဟုတ် သရုပ်ပြပုံစံတစ်ခုအပေါ် အခြေခံ၍ဝယ်ပါက၊ ၎င်းသည် ထိုနမူနာနှင့် တထေရာတည်းဖြစ်ရမည်။ အကယ်၍၎င်းပစ္စည်းသည် နမူနာနှင့် ကွာခြားလွန်းသဖြင့် သင်ဝယ်ယူခဲ့မည်မှာ မဟုတ်ပါက၊ သင်သည် ပြန်အမ်းငွေကိုရထိုက်သည်။

*အထည်သားနမူနာတစ်ခုအပေါ် မူတည်ပြီး ကျွန်ုပ်က ဆိုဖာတစ်ခုကို မှာခဲ့သည်။ သို့သော်လည်း ထိုဆိုဖာ ရောက်ရှိလာသည့်အခါ ၎င်း၏အရောင်သည် နမူနာနှင့်ကွာခြားနေသည်။*

## ပစ္စည်းသည် သရုပ်ဖော်နှင့် တထေရာတည်းမဟုတ်ပေ။

ပစ္စည်းတစ်ခုသည် ၎င်းကို (ဥပမာ အမှတ်အသားကတ်ပြားပေါ်၌၊ သို့မဟုတ် ရုပ်မြင်သံကြားကြော်ငြာ၌) သရုပ်ဖော်ထားပုံနှင့် တထေရာတည်းဖြစ်ရမည်။ အကယ်၍၎င်းပစ္စည်းသည် သရုပ်ဖော်ထားပုံနှင့် ကွာခြားလွန်းသဖြင့် သင်မဝယ်ခဲ့မည်သာဖြစ်ပါက၊ သင်သည် ပြန်အမ်းငွေကိုရထိုက်သည်။

*ဆိုင်တစ်ဆိုင်၏ ရောင်းကုန်ပစ္စည်းစာရင်း၌ 'သားရေ'ဟု ဖော်ပြထားသည့် ခေါက်ငွေအိတ်တစ်အိတ်ကို ကျွန်ုပ်ဝယ်ခဲ့သည်။ ကျွန်ုပ်အိမ်ပြန်ရောက်သည့်အခါ ၎င်းသည်အမှန်တကယ်၌ ဗိုင်နိုင်းလ် (သားရေတု ပလတ်စတစ်) ဖြစ်နေကြောင်းကိုတွေ့ရှိရသည်။*

## ပစ္စည်းသည် အရောင်းစျေးသည်ပြောသကဲ့သို့ မလုပ်နိုင်ပေ။

အကယ်၍ အရောင်းစျေးသည်က ပစ္စည်းတစ်ခုက လုပ်ကိုင်နိုင်မည်ဟု သင့်အား ပြောပြခဲ့သလို ထိုပစ္စည်းက မလုပ်ကိုင်နိုင်ပါက၊ သင်သည် ၎င်းပစ္စည်းကိုပြန်ပေးနိုင်သည်။

*ကျွန်ုပ်ရေထဲသို့ထိုးဆင်းသည့်အခါ သုံးနိုင်သည်ဟု အရောင်းစျေးသည်က ပြောသဖြင့် နာရီတစ်လုံးကို ကျွန်ုပ်ဝယ်ခဲ့သည်။ သို့သော်လည်း နာရီကို ပင်လယ်ထဲ၌ ကျွန်ုပ်ဝတ်ဆင်သည့်အခါ၊ နာရီထဲ၌ ရေပြည့်လျှံသွားသည်။*

## ပစ္စည်းသည် ကျွန်ုပ်လိုအပ်သည်ကို မလုပ်နိုင်ပေ။

ပစ္စည်းတစ်ခုသည် တိကျသောအလုပ်တစ်ခုခုအား မလုပ်ဆောင်ပါက၊ သို့မဟုတ် တိကျသော ရည်ရွယ်ချက်တစ်ခုခုအား မစွမ်းဆောင်ပါက ထိုပစ္စည်းကိုပြန်ပေးနိုင်မည်မှာ၊ အကယ်၍သာ၊

- ပစ္စည်းကို မဝယ်မီ၊ သင့်အနေနှင့် ထိုပစ္စည်းက ဘာလုပ်နိုင်စွမ်းရှိရမည်ကို အရောင်းစျေးသည်အား သင့်အနေနှင့်ပြောခဲ့ပြီး၊
- ထိုပစ္စည်းကိုရွေးချယ်ရာ၌ သင်သည် ဆိုင်၏အကြံဉာဏ်ကိုအားကိုးခဲ့သည်။

*ကျွန်ုပ်၏လှေကို ဆွဲယူနိုင်သည့် ကားတစ်စီးကိုလိုအပ်သည်ဟု ကျွန်ုပ်က ကားရောင်းဝယ်သူတစ်ဦးအား ပြောခဲ့သည်။ ကားရောင်းဝယ်သူက ကျွန်ုပ်အား ကားတစ်စီးရောင်းပြီး၊ ထိုကားက ကျွန်ုပ်၏လိုအပ်မှုကို ဖြည့်ဆည်းနိုင်မည်ဟုပြောသည်။ ထို့ည၌ ဘေးကင်းရေးလက်စွဲစာအုပ်ကို ကျွန်ုပ်ဖတ်ကြည့်သောအခါ ကားအသစ်သည် မည်သည့်လှေကိုမျှ ဘေးအန္တရာယ်ကင်းစွာ ဆွဲယူနိုင်ခြင်းမရှိကြောင်းကို သိရှိရသည်။*

## ကျွန်ုပ်၏ စိတ်ကို ပြောင်းလဲလိုက်သည်။

သင့်စိတ်ကို သင်ပြောင်းလဲရုံဖြင့် ပစ္စည်းတစ်ခုခုကို ပြန်ပေးရန် ဆိုင်တစ်ဆိုင်က သင့်အား ခွင့်ပြုစရာ မလိုပေ။ သို့သော်လည်း အချို့ဆိုင်များ၌ 'စိတ်ပြောင်း' ဝယ်ခြမ်းမှုများအတွက် ငွေပြန်အမ်းရန်၊ အစားထိုး လဲလှယ်ပေးရန်၊ သို့မဟုတ် ကုန်ပစ္စည်းလဲယူခွင့်လက်မှတ်ထုတ်ပေးရန်တို့ကို စီမံဆောင်ရွက်ပေးသည့် ၎င်းတို့၏ကိုယ်ပိုင် ဆိုင်တွင်း မူဝါဒများရှိကြသည်။

## ကျွန်ုပ်၌ ပြေစာမရှိပေ။

သင့်ထံ၌ ပစ္စည်းတစ်ခုကို ထိုစီးပွားရှင်ထံမှ ဝယ်ယူခဲ့ခြင်း၏သက်သေလိုအပ်သည်။ အကယ်၍ သင့်ထံ၌ ငွေသိမ်းစက်ပြေစာမရှိလျှင် သင်ပြသနိုင်သည်တို့မှာ ဥပမာအားဖြင့်၊

- အကြွေးဝယ်ကတ်ပြား ငွေစာရင်းရှင်းတမ်း
- ပစ္စည်းကိုမရမီ ကြိုတင်အရစ်ကျပေးစနစ် စာချုပ်
- ဖုန်းမှတဆင့်၊ သို့မဟုတ် အင်တာနက်မှတဆင့် ဝယ်ယူခဲ့သည့် အတည်ပြုနံပါတ်၊ သို့မဟုတ် ပြေစာနံပါတ်

## ကျွန်ုပ်မှ လက်ဆောင်တစ်ခုအဖြစ်ရရှိခဲ့သည်။

လက်ဆောင်ရရှိကြသူများ၌၊ တိုက်ရိုက်ဝယ်ယူကြသည့် ဖောက်သည်များကဲ့သို့ပင် တူညီမှုရှိသော ပြန်အမ်းရပိုင်ခွင့်များရှိကြသော်လည်း သင့်ထံ၌ ထိုပစ္စည်းကို ဝယ်ခဲ့သည့်သက်သေရှိမှသာ ပစ္စည်းကိုပြန်ပေးပို့နိုင်မည်။ အထက်၌ကြည့်ပါ။

## ကျွန်ုပ် လျှော့ဈေးနှင့်ဝယ်ခဲ့သည်။

ဈေးနှုန်းအပြည့်ပေးရသော ပစ္စည်းများကဲ့သို့ပင် လျှော့ဈေးနှင့်ရောင်းသော ပစ္စည်းများအတွက်လည်း သင့်၌ အလားတူ ပြန်အမ်းရပိုင်ခွင့်များရှိပေသည်။ ဤသို့ကြောင့် 'လျှော့ဈေးပစ္စည်းများအတွက် ငွေပြန်မအမ်းပါ' ဆိုင်းဘုတ်ကို ချိတ်ဆွဲလျှင် တရားဥပဒေနှင့် ဆန့်ကျင်ပေသည်။

သို့သော်လည်း ဆိုင်မှသင့်အားပြောပြခဲ့သောအပြစ်အနာအဆာများအတွက်၊ သို့မဟုတ် ပစ္စည်းကို စစ်ဆေးခဲ့သည့်အခါ သင်သတိပြုသင့်ခဲ့သောအပြစ်အနာအဆာများအတွက် (ဥပမာ ရှပ်အင်္ကျီတစ်ထည် အပေါ်၌ 'လျှော့ဈေး - ချုပ်ရိုး ချွတ်ယွင်းနေသည်'ဟုရေးထားသော စာတန်းကတ်ပြား)ဆိုလျှင်၊ သင့်အနေနှင့် ပြန်အမ်းငွေ မတောင်းခံနိုင်ပေ။

'လျှော့ဈေးနှင့်ရောင်း' ကုန်ပစ္စည်းတို့၏ဥပမာများ၌ပါဝင်သည်တို့မှာ၊

- လျှော့ဈေးပေးထား ကုန်ပစ္စည်း
- 'နမူနာများနှင့် အပြစ်အနာအဆာရှိများ' အတန်းအပေါ်ရှိ လျှော့ဈေးပေးထားသော ကုန်ပစ္စည်း
- စက်ရုံတစ်ရုံ၏ဆိုင်မှဝယ်ယူ ပစ္စည်း။

## ကျွန်ုပ်မှ တစ်ပတ်ရစ်ကိုဝယ်ခဲ့သည်။

**ဆိုင်မှဝယ်ခဲ့သည်**။ ပစ္စည်းအသစ်များကို ဝယ်သကဲ့သို့ပင် တစ်ပတ်ရစ်ပစ္စည်း ဝယ်ခြင်းများအတွက်လည်း သင့်၌ တူညီသော ပြန်အမ်းရပိုင်ခွင့်များရှိပေသည်။ သို့သော်လည်း **ရောင်းချခိုက်အချိန်၌ရှိခဲ့သော** ထိုပစ္စည်း၏ သက်တမ်း၊ တန်ဖိုးနှင့် အခြေအနေတို့ကို သင့်အနေနှင့် ထည့်သွင်းစဉ်းစားရပါမည်။

**ပုဂ္ဂလိကရောင်းသူတစ်ဦးထံမှဝယ်ခဲ့သည်**။ ရောင်းသူများ၌ ၎င်းတို့ထံမှ ဝယ်ယူခဲ့သည့်ပစ္စည်းအတွက် ငွေပြန်အမ်းရန်၊ အစားထိုးလဲလှယ်ပေးရန်၊ သို့မဟုတ် ပြုပြင်ပေးရန်တာဝန်လုံးဝမရှိကြပေ။ (ဥပမာ၊ ကားဂိုဒေါင်အတွင်း၌ ပစ္စည်းဟောင်းများထား၍ ရောင်းချခြင်း၊ သို့မဟုတ် ကြော်ငြာများမှတဆင့် ရောင်းခြင်း)

## ကျွန်ုပ် အင်တာနက်မှတဆင့်ဝယ်ခဲ့သည်။

အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံ အင်တာနက်ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုခုမှ ဝယ်ခဲ့လျှင်၊ သမားရိုးကျဆိုင်တစ်ဆိုင်မှဝယ်သကဲ့သို့ပင် သင့်၌ တူညီသော ပြန်အမ်းရပိုင်ခွင့်များရှိပေသည်။

အထက်၌ကြည့်ပါ။

## ကျွန်ုပ်မှ ဖြေရှင်းပေးမှုတစ်ခုခုကို ရထိုက်သည်။ ကျွန်ုပ်မှ ငွေပြန်အမ်းခြင်း၊ ပြုပြင်ပေးခြင်း သို့မဟုတ် အစားထိုးလဲလှယ်ပေးခြင်းတစ်ခုခုကို ရမည်လား။

၎င်း၏မူတည်မှုမှာ၊ ပြဿနာသည် အကယ်၍၊

**ကြီးမားလျှင် - ပြဿနာကိုမဖြေရှင်းနိုင်လျှင်၊ သို့မဟုတ် ဖြေရှင်းရန်အချိန် အလွန်ကြာမည်ဖြစ်လျှင်၊ သို့မဟုတ် ဖြေရှင်းရန် အလွန်ခက်ခဲနေလျှင်၊**

သင်ရွေးချယ်နိုင်သည်မှာ၊

- ပစ္စည်းကိုပြန်ပေးပြီး ငွေပြန်အမ်းရယူခြင်း၊ သို့မဟုတ် လဲလှယ်ရယူခြင်း နှစ်ခုအနက် တစ်ခုခုကိုရွေးချယ်ခြင်း၊ သို့မဟုတ်
- ပစ္စည်းကိုဆက်လက်ထားပြီး တန်ဖိုးလျော့ကျမှုအတွက် နစ်နာကြေးရယူခြင်း။

**သေးငယ်လျှင် - ပြဿနာကိုသင့်တင့်သောအချိန်တစ်ခုအတောအတွင်း၌ ဖြေရှင်းနိုင်လျှင်။**

သင်သည် ပြဿနာကိုဖြေရှင်းရန် ဆိုင်အားအခွင့်အရေးပေးရမည်။ ၎င်းတို့မှ ငွေပြန်အမ်းရန်သော်၎င်း၊ ပြုပြင်ပေးရန်သော်၎င်း၊ လဲလှယ်ပေးရန်သော်၎င်း ရွေးချယ်မည်။ အကယ်၍ဆိုင်မှ ပစ္စည်းကို ပြုပြင်ပေးရန် ရွေးချယ်လျှင်၊ ပစ္စည်းထုတ်လုပ်သူထံသို့ ပစ္စည်းကိုပို့ပေးရန် (နှင့်ဆက်ဆံရန်)မှာ ၎င်းတို့၏ တာဝန်ဖြစ်သည်။

အကယ်၍ဆိုင်မှ ပြဿနာကိုဖြေရှင်းရန် အချိန်အလွန်ကြာယူနေလျှင်၊ သို့မဟုတ် ငြင်းဆိုလျှင်၊ သင်ကလုပ်နိုင်သည်မှာ၊

- ပစ္စည်းကိုပြန်ပေးပြီး ငွေပြန်အမ်းခိုင်းပါ၊ သို့မဟုတ် လဲလှယ်ခိုင်းပါ၊ **သို့မဟုတ်**
- အခြားသူတစ်ဦးအား ပစ္စည်းကိုပြုပြင်ခိုင်းပြီး သင့်မြတ်သောကုန်ကျငွေကို ဆိုင်အား ရှင်းခိုင်းပါ

သတင်းအကြောင်းအချက်များကို ပိုမိုသိရှိရန်အတွက် သင်၏အရပ်ဒေသရှိ စားသုံးသူကာကွယ်ရေး ကိုယ်စားလှည်အား ဆက်သွယ်ပါ။ ဘာသာစကားအကူအညီရရေးအတွက် ၁၃ ၁၄ ၅၀ သို့ဖုန်းဆက်ပါ။ (သင့်ဘာသာစကားအတွက် စကားပြန်ကို တောင်းဆိုပါ)။

Australian Capital Territory
**Office of Regulatory Services** T. (02) 6207 0400

New South Wales
**NSW Fair Trading** T. 13 32 20

Northern Territory
**Consumer Affairs** T. 1800 019 319

Queensland
**Office of Fair Trading** T. 13 QGOV (13 74 68)

South Australia
**Office of Consumer & Business Affairs** T. (08) 8204 9777

Tasmania
**Office of Consumer Affairs & Fair Trading** T. 1300 654 499

Victoria
**Consumer Affairs Victoria** T. 1300 55 81 81

Western Australia
**Department of Commerce** T. 1300 30 40 54

**Australian Competition and Consumer Commission** (ဩစတြေးလျားနိုင်ငံတော် ယှဉ်ပြိုင်မှုနှင့် စားသုံးသူ ကော်မီရှင်)၌ ယှဉ်ပြိုင်ရေး၊ တရားမျှတစွာ ကုန်သွယ်ရေးနှင့် စားသုံးသူအား ကာကွယ်ရေးတို့အတွက် တစ်နိုင်ငံလုံး၌တာဝန်များရှိပြီး၊ ဖုန်း ၁၃၀၀ ၃၀၂ ၅၀၂ ၌ ဆက်သွယ်နိုင်ပါသည်။